**သမတအိမ်တော်၊ ရန်ကုန်မြို့**

**၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ။**

**[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉။]**

**၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်။**

**(၁၉၅၉ ခုနှစ်၊ စက်တဘာ်လ ၂၉ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ **၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေးအက် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့် ကျင်လျှင်-

(က) "အသင်း" ဆိုသည်မှာ၊ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရည်ရွယ်ချက် တခုခု အတွက်၊ သို့တည်းမဟုတ် လုပ်ငန်းစဉ်တခုခုအတွက်၊ လူအများ စုပေါင်းဖွဲ့စည်းထားသော အသင်း၊ အစည်း အရုံး၊ အဖွဲ့အစည်း၊ ပါတီ၊ ကလပ်၊ ကော်မီတီ၊ အသင်းစု၊ အဖွဲ့ချုပ်နှင့် အခြားအလားတူ အဖွဲ့အစည်းကို ဆိုလိုသည်။

(ခ) "အမှုဆောင်အဖွဲ့" ဆိုသည်မှာ၊ အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများ၊ ဆုံးဖြတ်ချက်များ၊ သို့တည်းမဟုတ် အသင်းကို ဖွဲ့စည်းခြင်းနှင့်၎င်း၊ အသင်း၏အာဏာများ၊ သို့တည်းမဟုတ် ကိစ္စများနှင့်၎င်း၊ သက်ဆိုင်သည့် အခြားစာတမ်းအမှတ်အသား တခုခုဖြင့်၊ ဗဟိုအသင်း၏ဝါဒကိုဖြစ်စေ၊ အသင်းခွဲ၏ ဝါဒကိုဖြစ်စေ၊ အသင်းနှင့်ဆက်သွယ်ထားသည့် အဖွဲ့အစည်း၏ ဝါဒကိုဖြစ်စေ၊ သတ်မှတ်ရန်သော်၎င်း၊ ဗဟိုအသင်းကို ဖြစ်စေ၊ အသင်းခွဲကိုဖြစ်စေ၊ အသင်းနှင့်ဆက်သွယ်ထားသည့် အခြားအဖွဲ့အစည်းကိုဖြစ်စေ၊ စီမံအုပ်ချုပ်ရန်၊ သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်ရန်သော်၎င်း၊ လွှဲအပ်ထားသောအဖွဲ့ အမှုဆောင်ကော်မီတီ၊ ဗဟိုကော်မီတီ၊ သို့တည်း မဟုတ် အခြားအဖွဲ့ကို ဆိုလိုသည်။

(ဂ) " နိုင်ငံရေးဆောင်ရွက်မှု" ဆိုသည်မှာ၊ မိမိအတွက်ဖြစ်စေ၊ သူတပါးအတွက်ဖြစ်စေ၊ တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံအစိုးရအာဏာကို သော်၎င်း၊ ပြည်နယ်အစိုးရအာဏာ ကိုသော်၎င်း၊ ဒေသန္တရအာဏာပိုင်၏ အာဏာကိုသော်၎င်း၊ အစိုးရဌာနဆိုင်ရာလုပ်ငန်းအလိုက်၊ သို့ တည်းမဟုတ် နယ်မြေဒေသအလိုက်ရရှိအောင် ရှေ့ရှုဆောင်ရွက်မှု၊ သို့တည်းမဟုတ် ပါလီမန်ရွေး ကောက်ပွဲများတွင်ဖြစ်စေ၊ ဒေသန္တရအာဏာပိုင်ဆိုင်ရာ ရွေးကောက်ပွဲများတွင်ဖြစ်စေ၊ မြူနီစီပါယ် ရွေးကောက်ပွဲများတွင်ဖြစ်စေ၊ ပါဝင်ဆောင်ရွက်မှုကိုသော်၎င်း၊ ရွေးကောက်တင်မြှောက်ခံ ရာထူးတခုခု အတွက် ပါဝင်ဆောင်ရွက်မှုကိုသော်၎င်း၊ ဆိုလိုသည်။ ထို့ပြင် ထိုစကားရပ်တွင် ဇာတ်၊ ပြဇာတ်၊ ရုပ်သေး၊ အငြိမ့်၊ သို့တည်းမဟုတ် ရုပ်ရှင်ပြသခြင်းဖြင့်၊ အဆိုပါဆောင်ရွက်မှုကို ပြုလုပ်ခြင်းလည်းပါဝင်သည်။

**ခြွင်းချက်**။ ။ သို့ရာတွင် "နိုင်ငံရေးဆောင်ရွက်မှု" ဆိုသောစကားရပ်၌ ရွေးကောက်ပွဲများတွင် တည်ဆဲအခြားတရားဥပဒေအရ ကိုယ်တိုင်အရွေးခံခြင်းနှင့်သော်၎င်း၊ မိမိ၏ ကိုယ်ပိုင်မဲပေးခြင်းနှင့် သော်၎င်း၊ ၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲအက်ဥပဒေအရဖြစ်စေ၊ အဆိုပါအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ အခြားရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် အက်ဥပဒေ၊ သို့တည်း မဟုတ် နည်းဥပဒေများအရဖြစ်စေ၊ ခန့်အပ်ခြင်းခံရသည့် ရာထမ်း မှုထမ်းများနှင့် တာဝန်လွှဲအပ်ခန့် ထားခြင်းခံရသော အခြားပုဂ္ဂိုလ်များက အဆိုပါအက်ဥပဒေနှင့် နည်းဥပဒေများအရ ဆောင်ရွက်သည့် ဆောင်ရွက်မှုများနှင့် သော်၎င်း၊ မသက်ဆိုင်စေရ။

(ဃ) "လူထုဖျော်ဖြေရေးအဖွဲ့" ဆိုသည့်စကားရပ်တွင် ကပြဖျော်ဖြေသော ဇာတ်အဖွဲ့၊ ပြဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့၊ ရုပ်သေးအဖွဲ့၊ ကွက်စိပ်ဆရာ၊ စာပြောဆရာ၊ တူရိယာအဖွဲ့၊ ဓါတ်ပြားထုတ်လုပ်သူ၊ ဓါတ်ပြားဖြန့်ဖြူးသူ၊ ရုပ်ရှင်ကားထုတ်လုပ်သူ၊ ရုပ်ရှင်ကားပြသသူ၊ သို့တည်းမဟုတ် ရုပ်ရှင်ကား ဖြန့်ဖြူးသူပါဝင်သည်။

(င) "အခြေခံဥပဒေ" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆိုလိုသည်။

၃။ ။ မည်သူမဆို၊ တဦးချင်းအနေဖြင့်သော်၎င်း၊ အသင်းတခုအနေဖြင့်သော်၎င်း၊ လူထုဖျော်ဖြေရေးအဖွဲ့ အနေဖြင့်သော်၎င်း၊

(က) အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော မူလအခွင့်အရေးတခုခုကို ပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့် အကြောင်းဖြစ်ပေါ်စေသော အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် မည်သည့်ဝါဒဖြန့်မှုမျိုးကိုမဆို၊ သို့တည်းမဟုတ်

(ခ) နိုင်ငံရေးဆောင်ရွက်မှုကို၊ လက်နက်ကိုင်နည်းဖြင့် မည်သည့်ရှေ့ရှုချက်၊ သို့တည်းမဟုတ် ကျင့်သုံး ချက်မျိုးကိုမဆို၊ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတွင်၊ အခြေခံဥပဒေပုဒ်မ ၃ နှင့် ၄ ၏ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍၊ မည်သည့်နိုင်ငံရေးအာဏာရှင်စံနစ်မျိုးကိုမဆို၊ ရှေ့ရှုရန်၊ တည်ထောင်ရန်၊ သို့တည်းမဟုတ် ကျင့်သုံးရန် ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း၊ သို့တည်းမဟုတ်

(ဃ) အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းများ ထားရှိခွင့်ပြုသော ပါလီမန်ဒီမိုကရေစီစံနစ်ကို ပျက်ပြား စေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသော အကြံပေးမှု၊ တိုက်တွန်း မှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကို၊ သို့တည်းမဟုတ်

(င) လျှို့ဝှက်ရဲအဖွဲ့ (Secret Police) ဖွဲ့စည်း၍၊ စိုးမိုးအုပ်ချုပ်သည့် စံနစ်မျိုးတည်ထောင်ခြင်းကိုသော် ၎င်း၊ တည်ထောင်ရန်ကြိုးပမ်းအားထုတ်ခြင်းကိုသော်၎င်း၊ အကြံပေးခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်း ခြင်း၊ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း၊ သို့တည်းမဟုတ်

(စ) အခြေခံဥပဒေ၏ ဥပဒေနိဒါန်းတွင် ပါရှိသောမူများကို ဆန့်ကျင်သည့် အဖွဲ့အစည်းများနှင့် လုပ်ငန်း များကို ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း၊

ပြုလုပ်လျှင်၊ ထိုသူသည်၊ သို့တည်းမဟုတ် အသင်းသည်၊ သို့တည်းမဟုတ် လူထုဖျော်ဖြေရေးအဖွဲ့သည် အခြေခံဥပဒေကို ဖေါက်ဖျက်သည့် ပြစ်မှုကျူးလွန်သည်ဟုမှတ်ယူရမည်။

၄။ ။ (၁) မည်သူမဆို၊ ပုဒ်မ ၃ အရဖြစ်သော ပြစ်မှုတခုခုကို ကျူးလွန်လျှင် ၂ နှစ်အောက်မနည်း၊ ၃ နှစ်ထက်မများသော ထောင်ဒဏ်နှင့်ငွေဒဏ် စီရင်ခြင်းခံရမည်။

(၂) ပုဒ်မ ၃ အရဖြစ်သော ပြစ်မှုကို-

(က) အသင်းဝင်တဦးဦးက ဒုတိယအကြိမ်ကျူးလွန်သည့်အတွက် ပြစ်ဒဏ်စီရင်းခြင်းခံရပါလျက်၊ သက်ဆိုင်ရာ အသင်း၏ အမှုဆောင်အဖွဲ့က၊ ၎င်းအပေါ် အရေးမယူသော အခါဖြစ်စေ၊

(ခ) အသင်းဝင် ၂ ဦးအောက်မနည်းသည့် အသင်းဝင်များက ကျူးလွန်သည့်အတွက်တဦးစီ ပြစ်ဒဏ် စီရင်ခြင်းခံရပါလျက်၊ သက်ဆိုင်ရာအသင်း၏ အမှုဆောင်အဖွဲ့က၊ ၎င်းအပေါ် အရေးမယူသော အခါ ဖြစ်စေ

ထိုအသင်းသည်၊ ပုဒ်မ ၃ အရဖြစ်သော ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုအသင်း၏ အမှုဆောင်အဖွဲ့ဝင်လူကြီး အသီးသီးအား ၂ နှစ်အောက် မနည်း၊ ၃ နှစ်ထက်မများသော ထောင်ဒဏ်နှင့် ငွေဒဏ်စီရင်ခြင်းခံရမည်။

**ရှင်းလင်းချက်**။ ။ ဤပုဒ်မပါ ကိစ္စအလို့ငှါ "အမှုဆောင်အဖွဲ့ဝင်လူကြီး" ဆိုသည်မှာ၊ ပြစ်မှုကျူးလွန် သည့်အသင်းသား တိုက်ရိုက်ပါဝင်သော အခြေခံအသင်း၏ အမှုဆောင်အဖွဲ့ဝင်လူကြီးကို ဆိုလိုသည်။

(၃) ပုဒ်မ ၃ အရ ဖြစ်သော ပြစ်မှုတခုခုကို ကျူးလွန်သောသူသည်၊ လူထုဖျော်ဖြေရေးအဖွဲ့ဝင်ဖြစ်လျှင်၊ ထိုအဖွဲ့၏ပိုင်ရှင်၊ သို့တည်းမဟုတ် အဖွဲ့သားများက၊ ၎င်းတို့၏ ခေါင်းဆောင်အဖြစ် တင်မြှောက် ထားသော၊ သို့တည်းမဟုတ် လက်ခံအသိအမှတ်ပြုထားသော ပုဂ္ဂိုလ်သည်၊ ၂ နှစ်အောက်မနည်း၊ ၃ နှစ် ထက်မများသော၊ ထောင်ဒဏ်နှင့်ငွေဒဏ်စီရင်ခြင်းခံရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် အဆိုပါပြစ်မှုကျူးလွန်ခဲ့သည်ကို၊ ထိုပုဂ္ဂိုလ်က၊ မိမိမသိရှိကြောင်း၊ သို့တည်းမဟုတ် အဆိုပါပြစ်မှုမကျူးလွန်ရအောင် ကန့်ကွက်ပြောဆိုကြောင်း၊ ကာကွယ်တားဆီးကြောင်း သက်သေထင်ရှားပြလျှင်၊ ထိုပုဂ္ဂိုလ်အား ပြစ်ဒဏ်မစီရင်ရ။

(၄) ပုဒ်မခွဲ (၂) နှင့် ပုဒ်မခွဲ (၃) တွင်၊ မည်သို့ပင်ပါရှိစေကာမူ၊ အဆိုပါပြစ်မှုတခုခုကိုအသင်းက၊ သို့တည်းမဟုတ် လူထုဖျော်ဖြေရေးအဖွဲ့က ကျူးလွန်ပြီး၊ အဆိုပါပြစ်မှုကို အသင်း၏ အမှုဆောင်အဖွဲ့ဝင် လူကြီးတဦးဦး၏ သဘောတူညီချက်အရဖြစ်စေ၊ အသင်း၏ အမှုဆောင်အဖွဲ့ဝင်လူကြီးတဦးဦး၏၊ သို့တည်းမဟုတ် လူထုဖျော်ဖြေရေးအဖွဲ့ပိုင်ရှင်၏၊ သို့တည်းမဟုတ် ခေါင်းဆောင်၏ သဘောတူညီချက် အရဖြစ်စေ၊ လစ်လျူပြုချက်အရဖြစ်စေ၊ ထိုအမှုဆောင်အဖွဲ့ဝင်လူကြီးက၊ သို့တည်းမဟုတ် ပိုင်ရှင်က၊ သို့တည်းမဟုတ် ခေါင်းဆောင်ကပေါ့လျော့ပျက်ကွက်သဖြင့်ဖြစ်စေ၊ အဆိုပါ ပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှားပြလျှင်၊ ထိုအမှုဆောင်လူကြီးသည်၊ သို့တည်းမဟုတ် လူထုဖျော်ဖြေရေး အဖွဲ့ပိုင်ရှင် သည်၊ သို့တည်းမဟုတ် ခေါင်းဆောင်သည်၊ အဆိုပါပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည်၊ ပုဒ်မ ၂၊ အပိုဒ် (ဂ) တွင် အဓိပ္ပါယ်ဖော်ပြထားသည့် နိုင်ငံရေး ဆောင်ရွက်မှုကို ပြုလုပ်သည့်အသင်း၊ ထိုအသင်း၏ အမှုဆောင်အဖွဲ့ဝင်များနှင့် မသက်ဆိုင် စေရ။

Myanmar Law Information System (MLIS)

၅။ ။ ဤအက်ဥပဒေ၏ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မ ၃ ပါပြဋ္ဌာန်း ချက်များသည်၊ အခြေခံဥပဒေ၏ အခန်း ၁၁ နှင့်အညီ၊ အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်တခုခုကို ပြင်ရန်ဆောင်ရွက်ခြင်း၊ သို့တည်းမဟုတ် ဟောပြောခြင်းနှင့်သော်၎င်း၊ အခြားတည်ဆဲတရား ဥပဒေများပါ အလားတူ သဘောသက်ရောက်သည့် ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ခြင်းနှင့်သော်၎င်း မသက်ဆိုင်စေရ။

၆။ ။ ဤအက်ဥပဒေအရ ဖြစ်သောပြစ်မှုအတွက်၊ နိုင်ငံတော်သမတ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ၊ အရေးယူခြင်း၊ သို့တည်းမဟုတ်၊ တရားစွဲဆိုခြင်းမပြုရ။

၇။ ။ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုကို၊ စက်ရှင်တရားသူကြီးရုံးအောက်နိမ့်သော၊ မည်သည့် တရားရုံးကမျှ စစ်ဆေးစီရင်ခြင်းမပြုရ။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊<br>နိုင်ငံတော်သမတ၊<br>ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်။<br>(၁၉၅၉ ခုနှစ်၊ စက်တဘ်ာလ ၂၉ ရက်။)

အမိန့်အရ၊<br>ပါစိန်၊<br>နိုင်ငံတော်သမတ၏အတွင်းဝန်။<br>[အမှတ် ၉၄]

Myanmar Law Information System (MLIS)